David C. Schopp
*Chief Executive Officer*

Michele M. Finn
*Chief Administrator*

**Civil Legal Services Unit**

Paul B. Curtin
*Deputy Executive Director*

Nadine E. Patterson
*Managing Attorney*

LEGAL AID BUREAU of Buffalo, Inc.

**Attorneys**

Tricia DeFilipps
Claire Fortin
Melissa J. Horvatits
Jennifer Metzger-Kimura
Thomas Panasci
Jeffrey M. Priore
Lisa R. Strand
Christine Vogel
Erin Whitcomb

# ကိုဗစ်နိုင်တင်းနှင့် စပ်လျဥ်းသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မေးခွန်းများ

## ၁။ ကိုဗစ်နိုင်တင်းကြောင့် တင်သွင်းထားပြီးဖြစ်သည့် လျှောက်လွှာများအတွက် လုပ်ငန်းဆောင်ရွက်သည့် ကာလကြာမြင့်ချိန်အပေါ်မှာ ဘယ်လို အကျိုးသက်ရောက်မှုရှိနိုင်ပါသလဲ။

လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုမှာ အချိန်ဘယ်လောက်ကြာမည်ဆိုသည်ကို အသေချာ မသိကြရသေးပါဘူး။ အမျိုးသားဗီဇာဌာနရဲ့ လုပ်ငန်းများကတော့ ကိုဗစ်နိုင်တင်းကို တစ်ကမ္ဘာလုံး ညီညွတ်စွာတုံ့ပြန်တဲ့ အပေါ်မှာ မူတည်ပါတယ်။ အကယ်၍ အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနမှ လက်ဗွေပုံစံယူ ရက်ချိန်းနှင့် အင်တာဗျူး ရက်ချိန်းများ ပြင်ဆင်သည့် အကြောင်းကြားစာရရှိပါက အဆိုပါစာတွင် ဖော်ပြပါထားသည့် ညွှန်ကြားချက်များအတိုင်း ကျေးဇူးပြု၍လိုက်နာပါ။ အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနရဲ့ အချိန်နှောင့်နှေးမှုများကို သိရှိနိုင်ရန် https://www.uscis.gov/about-us/uscis-response-covid-19 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ၂။ လိုအပ်သည့် အချက်အလက်များကို တောင်းခံသည့် အကြောင်းကြားစာ (RFE) နှင့် ငြင်းပယ်ရန်အလို့ငှာ အကြောင်းကြားစာ (NOID) များကို ပြန်လည် ဖြေရှင်းတင်ပြရန်အတွက် အချိန်ပို ထပ်ရနိုင်ပါသလား။

ဖော်ပြပါ အကြောင်းကြားစာများကို မတ်လ (၁)ရက်၊ ၂၀၂၀ ခုနှစ် နှင့် မေလ (၁) ရက်၊ ၂၀၂၀ ခုနှစ်အတွင်း လက်ခံရရှိခဲ့ပါက လူကြီးမင်းအနေဖြင့် ပြန်လည်တင်ပြနိုင်ရန် သတ်မှတ်ကာလထက် ရက်ပေါင်း(၆၀) ထပ်ဆောင်းရရှိမှာဖြစ်ကြောင်း အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနမှ ထုတ်ပြန်ထားပါသည်။ အမေရိကန်လူဝင်မှု ကြီးကြပ်ရေးဌာအနေဖြင့် လူကြီးမင်းတို့၏ အကြောင်းကြားစာပါ သတ်မှတ်ကုန်ဆုံးရက်မှ ရက်ပေါင်း (၆၀) အတွင်း လက်ခံရရှိသည့် ပြန်လည်တင်ပြချက်များကို ထည့်သွင်းစဥ်းစား ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆိုလိုရင်းမှာ သတ်မှတ်ကာလကုန်ဆုံးသည့်ရက်အပြင် ထပ်မံပြီး ရက်(၆၀) စောင့်ဆိုင်းပေးထားမှာ ဖြစ်ပါတယ်။

## ၃။ အလုပ်လုပ်ကြောင်းလုပ်ငန်းခွင် ထောက်ခံချက်ကို အလုပ်ပိတ်သိမ်းခဲ့လျှင် ဘယ်လို ရနိုင်မလဲ။

အလုပ်ရှင်ထံမှ ကိုဗစ်နိုင်တင်းကြောင့် လုပ်ငန်းယာယီ ပိတ်ထားကြောင်း လုပ်ငန်းတံဆိပ်ပါစာကို တောင်းခံပါ။ မှတ်ချက်။ အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနမှ အဆိုပါစာအား ဝင်ငွေအထောက်အထားတစ်ခုအဖြစ် လုံလောက်သည်ဟု ယူဆချင်မှ ယူဆပါလိမ့်မည်။ ထပ်မံပြီး အထောက်ထားများ တောင်းခံနိုင်ပါသည်။ ရှေ့နေဖြင့် အသေချာမေးမြန်းသင့်ပါ သည်။

**၄။ ကောင်စစ်ဌာနပိတ်သွားသည့်အတွက် မည်သည့် သတင်းအချက်အလက်မှ မကြားသိရပါ။ အင်တာဗျူးပယ်ဖျက် မဖျက် သိလိုပါတယ်။**

အင်တာဗျူးဆက်လက် ဆောင်ရွက်မည်လို့ ယူဆပါတယ်။ ဒါပေမယ့် အင်တာဗျူးဆက်ပြီး ရှိ/မရှိ ဆိုတာကို သက်ဆိုင်ရာကောင်စစ်ဌာနထံ ဖုန်းခေါ်ဆိုပြီး သေချာအောင်မေးပါ။

**၅။ အမြဲတမ်းအခြေချနေထိုင်ခွင့်အတွက် အင်တာဗျူးရက်ချိန်း ရရှိပြီးဖြစ်ပါတယ်။ အင်တာဗျူး မလုပ်ဖြစ်တော့တဲ့အတွက် အခုဘာဆက်ဖြစ်မလဲ။**

ကျေးဇူးပြုပြီး အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနမှ ညွှန်ကြားချက်များကို စောင့်ကြည့်ပေးပါ။ ပြန်လည်ချိန်းဆိုမည့် ရက်ချိန်းများအတွက် အချိန်နှင့်တပြေးညီသိရှိစေရန် https://egov.uscis.gov/casestatus/landing.do တွင် မှတ်ပုံတင်ထားပါ။

**၆။ လူဝင်မှုကြီးကြပ်ရေးဒေသဆိုင်ရာရုံးများပိတ်သွားသည့်အတွက် လက်ဗွေနှိပ်ဖို့ ရက်ချိန်းပြန်ယူနိုင်ပါသလား။ အချိန်ဘယ်လောက်ကြာနိုင်ပါသလဲ။**

လူဝင်မှုကြီးကြပ်ရေးဒေသဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်ပါက လက်ဗွေနှိပ်ရန်ရက်ချိန်းအသစ်များ အလိုအလျောက်ပြန်လည် ထုတ်ပေးသွားပါလိမ့်မယ်။ ရက်ချိန်းထုတ်ပြီး ရက်(၉၀)အတွင်း စာတိုက်မှ အကြောင်းကြားစာ မရောက်ရှိပါက ဖုန်း (၈၀၀) ၃၇၅-၅၂၈၃ သို့ ဆက်သွယ်အကြောင်းကြားပါ။

**၇။ နိုင်ငံသားခံယူခြင်း ကျမ်းကျိန်ပွဲကို ဖျက်လိုက်တဲ့အတွက် ဘယ်တော့လောက် ပြန်လည်ကျင်းပမည့် ရက်ကို သိရမလဲ၊ ဒီအဆင့်ကို ဘယ်တော့လောက်ဆောင်ရွက်မလဲ။**

လူဝင်မှုကြီးကြပ်ရေးဒေသဆိုင်ရာရုံးများမှ ကျမ်းကျိန်ပွဲအတွက် ပြန်လည်ကျင်းပမည့်ရက်အသစ်ကို အလိုအလျောက် ထုတ်ပြန်ပေးသွားပါလိမ့်မယ်။ ကျင်းပမည့်ရက်ထုတ်ပြန်ပြီး ရက်(၉၀)အတွင်း စာတိုက်မှ အကြောင်းကြားစာ မရောက်ရှိပါက အင်တာနက်စာမျက်နှာ https://www.uscis.gov/contactcenter မှ တစ်ဆင့် ဝင်ရောက်ဆက်သွယ်ပါ။

**၈။ အကယ်၍ ကိုရိုနာဗိုင်းရပ်ရောဂါပိုးစစ်ဆေးခြင်း (သို့မဟုတ်) ဆေးရုံဆေးပေးခန်းများတွင် အထူးလျှော့ဈေးရယူကာ ကုသမှုခံယူခြင်းများ လုပ်ခဲ့ပါက အမြဲတမ်းနေထိုင်ခွင့် (သို့မဟုတ်) နိုင်ငံသားခံယူခွင့် လျှောက်ထားသည့်အခါ လူမှုဖူလုံရေး အလွဲသုံးစားပြုမှု စည်းမျဉ်းအရ အကျိုးသက်ရောက်မှုရှိနိုင်ပါသလား။**

မရှိနိုင်ပါ။ ကိုဗစ်နိုင်တင်း စစ်ဆေးခံခြင်းနှင့် ကုသမှုခံယူခြင်းတို့အတွက် လူမှုဖူလုံရေးအလွဲသုံးစားမှု စည်းမျဉ်းနှင့် အကျုံးဝင်ခြင်းမရှိကြောင်း အမရေိကန်လူဝင်မှုကြီးကြပ်ရေးဌာနမှ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ဆေးရုံဆေးပေးခန်းများတွင် အထူးလျှော့ဈေးရယူကာ ကုသမှုခံယူခြင်းကို လူမှုဖူလုံရေးအလွဲသုံးစားမှုစည်းမျဉ်းတွင် ထည့်သွင်းပြဌာန်းမထားပါ။ အစိုးရမှ ထောက်ပံ့သော လူမှုဖူလုံရေးနှင့် လူမှုဖူလုံရေးအလွဲသုံးစားမှုစည်းမျဉ်း သက်ရောက်မှုကို အ https://pronto-core-cdn.prontomarketing.com/537/wp-content/uploads/sites/2/2020/02/cup-nyic_public-charge_english2020%E2%80%932.pdf. တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**၉။ အလုပ်လက်မဲ့အာမခံ ခံစားခွင့် လျှောက်ထားခဲ့ပါက အမြဲတမ်းနေထိုင်ခွင့် (သို့မဟုတ်) နိုင်ငံသားခံယူခွင့် လျှောက်ထားသည့်အခါ လူမှုဖူလုံရေး အလွဲသုံးစားပြုမှု စည်းမျဉ်းအရ ဆိုးကျိုးသက်ရောက်မှုရှိနိုင်ပါသလား။**

မရှိပါ။ အလုပ်လက်မဲ့ အာမခံ ခံစားခွင့်သည် လူမှုဖူလုံရေးအလွဲသုံးစားမှုစည်းမျဉ်းအရ ဆိုးကျိုးသက်ရောက်မှု မရှိပါ။

**၁၀။ အကယ်၍ အသိတစ်ရောက် Batavia ရှိ အကျဉ်းထောင်ထဲတွင် ပြည်နှင်ဒဏ်အမှုအား ကြားနားဆဲဖြစ်ပါက ဘာလုပ်ရမလဲ။**

Batavia ရှိ ပြည်ထောင်စုအကျဉ်းထောင်ထဲတွင် နိုင်ငံသားမဟုတ်သည့် ဖမ်းဆီခံ အကျဉ်းသားများ၏ အမှုများသာ ကြားနာပါသည်။ လက်တလော ကြားနာမှုများကို ရှေ့နေဖြင့် တယ်လီဖုန်းမှ တစ်ဆင့် ကြားနာလျက်ရှိပါတယ်။ အထူးသဖြင့် တရားရုံးတော်မှ ချမှတ်ထားသည် သတ်မှတ်ကာလအတွင်း လျှောက်ထားရန်လိုအပ်သည့် လျှောက်လွှာများအချိန်မှီ တင်သွင်းနိုင်ရန် မိမိတို့၏ ရှေ့နေနှင့် ဆက်သွယ်မပြတ်သည့် အကျဉ်းသားများအတွက်သာ ကြားနာလျက်ရှိပါတယ်။

၁၁။ **အကယ်၍ ဘတ်ဖလိုးမြို့လူဝင်မှုကြီးကြပ်ရေးဆိုင်ရာတရားရုံးတွင် ပြည်နှင်ဒဏ်အမှုအား ကြားနားဆဲဖြစ်ပါက ဘာလုပ်ရမလဲ။**

ဘတ်ဖလိုးမြို့လူဝင်မှုကြီးကြပ်ရေးဆိုင်ရာတရားရုံးတွင် ဖမ်းဆီးခံ အကျဉ်းသားအမှုများကိုသာ ကြားနာ လျက်ရှိပါတယ်။

အကယ်၍ ဖမ်းဆီးခံ အကျဉ်းသားမဟုတ်ပါက ရုံးချိန်းအား အနည်းဆုံး မေလ (၁၅)ရက်၊ ၂၀၂၀ ခုနှစ်အထိ ရွှေ့ဆိုင်းပြီးဖြစ်ပါသည်။ (အပြောင်းအလဲရှိနိုင်ပါသည်) တရားရုံးမှ ရုံးချိန်းအသစ်အား စာတိုက်မှတစ်ဆင့် ပေးပို့သွားပါလိမ့်မည်။ နောက်ဆုံးရုံးချိန်းအပြီး နေရပ်လိပ်စာအပြောင်းအလဲရှိပါက တရားရုံးအား အကြောင်းကြားပါ။ ရုံးချိန်းအသစ်အားသိရှိစေရန် မိမိရှေ့နေနှင့် အဆက်မပြတ်ဆက်သွယ်ပါ။ ရုံးချိန်းဆိုင်ရာ သိလိုပါက ဖုန်း ၁ (၈၀၀) ၈၉၈-၇၁၈၀ ကို ဆက်သွယ်ပါ။ တရားရုံးဆိုင်ရာအချက်အလက် သိရှိနိုင်ရန် အတွက် လူကြီးမင်း၏ အေနံပါတ် လိုပါလိမ့်မည်။ တရားရုံးမှ ချမှတ်ခဲ့သည့် လျှောက်လွှာတင်သွင်းရမည့် ရက်များ၊ သက်သေခံ အထောက်အထား တင်သွင်ရမည့် ရက်များမှာ မပြောင်းလဲသည့်အတွက် သတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ရန် (သို့မဟုတ်) ရှေ့နေမှ အချိန်မှီတင်သွင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်ပါ။ ကပ်ရောဂါကာလအတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာတရားရုံးများ၏ သတင်းအချက်အလက်များ သိရှိရန် အင်တာနက်စာမျက်နှာ https://www.justice.gov/eoir/eoir-operational-status-during-coronavirus-pandemic တွင်ဝင်ရောက် ကြည့်ရှုပါ။